e-NEWSLETTER

VOL.3, N0.8

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် AUGUST 2024



AI နည်းပညာအကြောင်းသိကောင်းစရာ ဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဒေါက်တာတင်ဘုန်းကျော်ပါအဖွဲ့များ စုပေါင်း အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် “AI နည်းပညာအကြောင်းသိကောင်းစရာ” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း

ဇူလိုင်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Language and Literature Improvement Project – MLLIP ) နှင့်ပူးပေါင်း ကျင်းပသည့် “ AI နည်းပညာအကြောင်းသိကောင်းစရာ”ခေါင်းစဉ်ဖြင့်အသိပညာပေးဟောပြောပွဲကို၂၂-၇-၂၀၂၄ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးဟော်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်တွင် ထိပ်ဆုံးနည်းပညာပိုင်းသို့ရောက်ရှိလာသည့် AI နည်းပညာအကြောင်းနှင့် ဆက်စပ်ပြီး သိသင့်သိထိုက်သည်များကို သေချာစွာလိုက်နာမှတ်သားကြစေလိုကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် (၂၇) ပါ သိပ္ပံပညာတိုးတက်မှုနှင့် ၎င်း၏အကျိုးရလဒ်များကို လွတ်လပ်စွာမျှဝေခံစားခွင့်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊

## သတင်းအညွှန်း



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၂



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ

စာ ၄



ကော်မရှင်မှ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၅



အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေး လူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း

စာ ၅



ကော်မရှင်မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ခရိုင်/မြို့နယ် တရားရုံးအချုပ်ခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် မော်လမြိုင်အချုပ်ထောင်တို့အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၆



ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၈





ယင်းအခွင့်အရေးကို အသုံးချရာတွင် တာဝန်နှင့် လိုက်နာရမည့်အချက်များရှိပါကြောင်း၊ စက်ရုံအလုပ်ရုံများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ကဏ္ဍပေါင်းစုံကို AI နည်းပညာကို အသုံးပြုပြီး ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေဖို့ နိုင်ငံသားများကို အဆင့်မြင့်နည်းပညာများ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နည်းပညာဆိုင်ရာစီမံကိန်းများ၊ လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက်မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Language and Literature Improvement Project – MLLIP) Project Director ဒေါက်တာတင်ဘုန်းကျော်က AI နည်းပညာအကြောင်း၊ Evolution of Technology, Industrial Revolution, Computer Revolution, DATA, Information Technology Age, Stages of AI, Natural Language processing (NLP) နှင့် Social Credit System အကြောင်းတို့ကိုအကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အသိပညာပေး ဟောပြောပွဲအား ၁၆:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှု "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ" သို့ တက်ရောက်ခြင်း

ဇူလိုင်လ ၁ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁-၇-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပပြုလုပ်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှု "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှု ပြပွဲနှင့် ပဒေသာကပွဲ" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဇူလိုင်လ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်

လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၅) သို့ ၂-၇-၂၀၂၄ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း ဆရာ၊ ဆရာမ ဦးရေ ၃၅၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်လာသူများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ခြင်း

ဇူလိုင်လ ၃ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၃-၇-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပပြုလုပ်သည့် "၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့" အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ရုံး(ရန်ကုန်)တွင် ခန့်ထားနိုင်ရေး ဒုတိယညွှန်ကြားရေးမှူးများ စိစစ်ရွေးချယ်ရေးပြုလုပ်ခြင်း



ဇူလိုင်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးနေရာအား ခန့်အပ်နိုင်ရေး လက်ထောက်ညွှန်ကြားရေးမှူး လုပ်သက်(၂) နှစ်နှင့် အထက်ရှိသူများအား အရည်အချင်းစစ်ဆေးခြင်းကို ကော်မရှင်ရုံး Conference Room တွင် ၅-၇-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန် Thematic Paper Presentation ပြုလုပ်ခြင်းနှင့် ၁၃:၃၀ နာရီအချိန် လူတွေ့စစ်ဆေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ဖြေဆို အောင်မြင်သည့် လက်ထောက်ညွှန်ကြားရေးမှူးများအား ကော်မရှင်ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြဆောင်ရွက်၍ ဒုတိယညွှန်ကြားရေးမှူးရာထူး တိုးမြှင့်သွားမည် ဖြစ်ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဇူလိုင်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၈-၇-၂၀၂၄ ရက်နေ့ ၁၃:၃၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူကော်မရှင်ရုံးအတွင်း



မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီး အသုံးပြုမှုများ လေလွင့်မှု မရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင် ရေး အတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ် (၂)၊ (၂) ထပ်ဆောင်နှင့် ဌာန (၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။


## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၇/၂၀၂၄) ကျင်းပခြင်း



ဇူလိုင်လ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄) ကို ၉-၇-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာတင်မောင်မောင်သန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ




ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူး သင်တန်း အမှတ်စဉ် (၅၆) သို့ ၁၀-၇-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၅၉ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနအား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၀-၇-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် စောင့်ရှောက်ထားသော ရေးဦးအရွယ်ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမွေးမှု၊ အခြေခံပညာနှင့် မူကြိုပညာရေးအတွက် ဆောင်ရွက်ပေးနေမှုစသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိခြင်း ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း



ဇူလိုင်လ ၁၁ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၁၀-၇-၂၀၂၄ ရက်နေ့မှ ၁၁-၇-၂၀၂၄ ရက်နေ့အထိ တီမောလက်စ်တေနိုင်ငံ၊ ဒီလီမြို့၌ Hybrid format ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံလူ့အခွင့်အရေးကော်မရှင်များမှကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း ဦးဆောင်၍ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား

လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များ နှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင် အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင် အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ရွှေ့ပြောင်း အလုပ်သမားများ ကိစ္စရပ်နှင့်စပ်လျဉ်း၍ အာဆီယံအစိုးရ ချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) နှင့် SEANF တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ လူကုန်ကူးခံရသူများအား ပြစ်ဒဏ်မချမှတ်ရေးဆိုင်ရာ ဒေသတွင်းလမ်းညွှန်အခြေခံမှု ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ အကျဉ်းသား လွှဲပြောင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြေယာအငြင်းပွား မှုနှင့်စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ကိစ္စ ရပ်များ၊ ဒေသတွင်းလူ့အခွင့်အရေး အခြေအနေ ဖွံ့ဖြိုး တိုးတက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်း ကိစ္စရပ် များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှုယန္တရားတစ်ရပ် တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်း အဖွဲ့ (UN Open-ended Working Group on Ageing - OEWGA) ၏ (၁၄) ကြိမ်မြောက်ဆွေးနွေးပွဲ၌ ပါဝင် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဖိုရမ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေးဆိုင်ရာကိစ္စ ရပ်များ စသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ပထမအကြိမ် လုပ်ငန်း အဖွဲ့ အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့် အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင် မြင်မှုများကို ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

ဖိုရမ်၏ (၂၁) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်သွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် သဘောတူညီခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ခရိုင်/မြို့နယ် တရားရုံး အချုပ်ခန်းများ၊ ရဲစခန်းအချုပ်ခန်းများနှင့် မော်လမြိုင်အချုပ်ထောင်တို့အား ကြည့်ရှုစစ်ဆေးခြင်း






ဇူလိုင်လ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ၁၁-၇-၂၀၂၄ ရက်နေ့တွင် မွန်ပြည် နယ်၊ မော်လမြိုင်မြို့ရှိ ခရိုင်/ မြို့နယ် တရားရုံးအချုပ်ခန်း၊ မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းတို့ရှိ အချုပ်ခန်းများကို လည်းကောင်း၊ ၁၂-၇-၂၀၂၄ ရက်နေ့တွင် မော်လမြိုင် အချုပ်ထောင်ကိုလည်းကောင်း သွားရောက် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရိုင်/ မြို့နယ် တရားရုံးအချုပ်ခန်းများ၊ မြို့မရဲစခန်းနှင့် နယ်မြေရဲစခန်း အချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန် ကာလအခြေအနေ၊ အချုပ် ခန်းများတွင် နေထိုင်စဉ်ကာလ အတွင်း ညဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစု နှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန် ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှု အခြေအနေ၊

အချုပ်ခန်းအတွင်းမိလ္လာသုံးစွဲမှုနှင့်အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မော်လမြိုင်အချုပ်ထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားများ၏ နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ သုံးစွဲမှုအခြေအနေများ၊ မိသားစုနှင့်တွေ့ဆုံမှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်ရရှိမှု ရှိ မရှိ စသည့် အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့် အရေးများ ရရှိခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း တွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

အချုပ်ထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

## ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



ဇူလိုင်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်း အဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ အစည်းအဝေး အစီအစဉ်အရ ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေးအဖွဲ့ဝင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုး၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၅:၁၀ နာရီအချိန် တွင်ရုပ်သိမ်းခဲ့ပါသည်။

---

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွက် နိုင်ငံတော်ထောက်ပံ့အသုံးစရိတ် ရရှိမှုအခြေအနေနှင့် လအလိုက်ထောက်ပံ့ငွေ သုံးစွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ပြုလုပ်ခြင်း

ဇူလိုင်လ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွက် နိုင်ငံတော်ထောက်ပံ့အသုံးစရိတ် ရရှိမှုအခြေအနေနှင့် လိုက်အလိုက် ထောက်ပံ့ငွေသုံးစွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ၁၇-၇-၂၀၂၄ ရက်နေ့၊ ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာ

တင်မောင်မောင်သန်း၊ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ဌာနတာဝန်ခံများနှင့်ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးအစီအစဉ်အရကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက်ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွက် နိုင်ငံတော် ထောက်ပံ့အသုံးစရိတ် ရရှိမှုအခြေအနေနှင့် လအလိုက် ထောက်ပံ့ ငွေသုံးစွဲအကောင်အထည်ဖော်ရေး အခြေအနေများကို တင်ပြဆွေးနွေးပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက မိမိဌာနအလိုက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယ သုံးလပတ်အတွက် နိုင်ငံတော်ထောက်ပံ့အသုံးစရိတ်မှ ဝယ်ယူမည့်ပစ္စည်းများအား တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုးနှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇူလိုင်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ ရမည်းသင်း အကျဉ်းထောင်အား ၂၃-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းအား ၂၄-၇-၂၀၂၄ ရက်နေ့တွင်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်ရမည်းသင်းအကျဉ်းထောင်နှင့် ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းတို့အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနေမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှုအခြေအနေ၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု အခြေအနေ၊ စာကြည့်တိုက်စီစဉ်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိမှုအခြေအနေ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ရမည်းသင်းအကျဉ်းထောင်နှင့် ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းတို့အား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊

ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာဌာနများသို့ကော်မရှင်ဥပဒေနှင့်အညီအကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရုံး (နေပြည်တော်) ၌ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကျင်းပပြုလုပ်

ဇူလိုင်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) ပါပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကော်မရှင်သည် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး (နေပြည်တော်) ရှိ စီမံကိန်းအဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ၂၅-၇-၂၀၂၄ ရက်နေ့ ၁၄:၀၀ နာရီအချိန်မှ ၁၆:၀၀ နာရီအချိန် ထိ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရုံး (နေပြည်တော်) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ကော်မရှင်မှအဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး နှင့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရုံးမှ စီမံကိန်းအဖွဲ့ဝင်များ စုစုပေါင်း ၅၈ ဦး တက်ရောက်ကြသည်။ ထို့နောက် တက်ရောက်လာသည့် စီမံကိန်းအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်မှုများပြုလုပ်ခဲ့ကြပြီး စီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်က ဆွေးနွေးဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပါသည်။

ဟောပြောပွဲ၌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က Artificial Intelligence (AI) သည် လူ့အခွင့်အရေးနှင့် ဆက်စပ်မှုရှိခြင်း၊ Artificial Intelligence (AI) ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုနှင့် Artificial Intelligence (AI) အသုံးပြုရာတွင် လူ့အခွင့်အရေးကို မျက်ကွယ်မပြုဘဲ လေးစားလိုက်နာရန် လိုအပ်ခြင်းစသည့် အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆအကြောင်းနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေး အမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲကို ၁၆:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇူလိုင်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၇/၂၀၂၄) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့်

ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ ဆုံ ဆ ွေး နွေး ပွဲ ကျင်း ပြီး နောက် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၈၈ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခြင်း

ဇူလိုင်လ ၂၇ ရက်

၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် (၇) ရက်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအား ၂၇-၇-၂၀၂၄ ရက်နေ့တွင် ၀၈:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက်ဆရာတော်(၃)ပါးအားဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများကို ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။




## ကော်မရှင်ပုံမှန်အစည်းအဝေး (၇/၂၀၂၄) ကျင်းပခြင်း



ဇူလိုင်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) ကို ၃၀-၇-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ယာဉ်များ မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးခြင်း

ဇူလိုင်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးဦးရဲနောင်လွင် ဦးဆောင်၍ အဖွဲ့ဝင် ၅ ဦးပါဝင်သော မော်တော်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့သည် ၂၀၂၄ခုနှစ်၊ဇူလိုင်လ၃၀ရက်နေ့တွင်ကော်မရှင်



ရုံး ညွှန်ကြားရေးမှူးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး အဆင့်အထိ ဦးစီးယာဉ်များကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဦးစီးယာဉ်များ၊ အုပ်ချုပ်မှု ယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ ယာဉ်များ၏ မော်တော်ယာဉ်ကြံ့ခိုင်မှုကို ယာဉ်တစ်စီးချင်းအလိုက် အသေးစိတ် စစ်ဆေးခဲ့ပါသည်။

မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးမှုများအား ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွင်းပထမအကြိမ်စစ်ဆေး ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း တိုင်တန်းချက် (၁၉) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၈) စောင်ကို လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၉) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

*****

# ENGLISH SECTION

Vol.3 No.8, August 2024

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

July 2

Myanmar National Human Rights Commission is preparing to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

Daw Mi Mi Khaing, Deputy Director of the Commission office, gave the lecture on Child Rights at the Special Refresher Course for Basic Education Teacher No. (105) held at the Civil Service Academy (Lower Myanmar) on July 2, 2024 from 08:00 to 11:50. The lecturer was followed by the question and answer section. A total of 352 teachers from the Department of Basic Education (DBE) attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

July 10

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Commissioner Dr. Myint Thu Myaing and Deputy Director Daw Mi Mi Khaing of the Commission office delivered lectures on human rights via Video Conferencing System to participants of the Battalion Commander Training Course No. (56) which commenced at the Myanmar Army Combat Force School (Bayintnaung) on 10 July 2024 from 07:40 to 10:40. Dr. Myint Thu Myaing focused on Human Rights Concept while Daw Mi Mi Khaing addressed the Universal Declaration of Human Rights, Nine Core International Human Rights Conventions and the Organization and Functions of Myanmar National Human Rights Commission. A total of 59 participants attended the course and the lecturer responded to their inquiries during the interactive session.

## The Myanmar National Human Rights Commission inspects Shwe Gone Daing Residential Nursery

July 10

On July 10 ,2024, the inspection team, led by U Kyaw Soe and Dr. Than Myint, Members of the Myanmar National Human Rights Commission (MNHRC), inspected Shwe Gone Daing Residential Nursery in Bahan Township, Yangon Region, in accordance with Sections 43 and 44 of the Commission Law.

The inspection team inspected the health care services and nutritional supplements for residential nursery in the Child Care Center and also examined the provision of fundamental human rights such as basic education and pre-school education.

MNHRC inspection team will inform its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## Myanmar National Human Rights Commission attends the Second Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum

July 11

The First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum (SEANF) was held in a hybrid format by Provedor for Human Rights and Justice of Timor-Leste (PDHJ), the alternate chair of the Forum, from 10 to 11 July, 2024 in Dili, Timor-Leste. Representatives from SEANF member National Human Rights Institutions, namely Indonesian National Commission on Human Rights (Komnas HAM), Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT), and Provedor for Human Rights and Justice of Timor-Leste (PDHJ), attended the meeting in person. Dr. Tin Maung Maung Than, Commissioner of the Myanmar National Human Rights Commission (MNHRC), Deputy Director General of the MNHRC's Office, Director of International Relations Division and staff joined the meeting via Video Conferencing. During the meeting, various topics were discussed, including updates on major developments and activities since the First Technical Working Group Meeting of the SEANF 2024, updates from SEANF members regarding the implementation of the (5) priority issues of 2022-2026 SEANF Strategic Plan in which they have taken lead role for respective priority area, updates on the activities between SEANF and AICHR on migrant workers. Moreover, the matters of trafficking in person on regional guideline of the non-punishment principles for human trafficking victim, updates on international transfer of prisoners' progress, as well as the land conflict monitoring initiative. Additionally, the matters on development of human rights in region, establishment of Inter-NHRI inquiry mechanism (INIM), and discussed matters to participate in the 14th session of the United Nations Working Group on Aging (OEWGA) were discussed. At the meeting, Deputy Director-General of the MNHRC's Office Dr. Khine Khine Win presented the major developments and activities of MNHRC on promotion and protection of human rights since the 1st TWG Meeting of the SEANF 2024. The meeting reached an initial agreement to hold 21st Annual General Meeting of the SEANF to be held on November 2024.

## Status of Handling Complaints

During July 2024, MNHRC received 19 Complaints on the violations addressed to the Commission. The complaint investigation team held complaint screening meetings for examining the total of 19 complaints. 7 cases were referred to the relevant departments and 3 cases the complainant was advised on more appropriate remedies. 9 cases which were not within the competence of the Commission were put on record in accordance with the section 32(b), 32(c), 37(b) of MNHRC law and not appropriate of Complaints.

## The Myanmar National Human Rights Commission inspects Mawlamyaing Police Lock–up, Court Detention Centers and Mawlamyaing Jail

July 12

The inspection team, led by U Tin Aung, Member of the Myanmar National Human Rights Commission, inspected Mawlamyaing Police Lock–ups and Court Detention Centers on 11 July, 2024 and inspected Mawlamyaing Jail on 12 July, 2024 in Mawlamyaing Township, Mon State, in accordance with Section 43 and 44 of the Commission Law.

At Mawlamyaing Police Lock–ups, District and Township Court Detention Center, the MNHRC team inspected the conditions of detainees during the remand period, any torture occurred during investigation and whether there were opportunities to meet with family members, as well as the provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

The inspection team inspected Mawlamyaing Jail according to MNHRC law and procedures whether the prisoners and detainees enjoy the fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water, family visits, rights to freedom of religion, the prisoners in order to ensure that whether their personal items, items sent by families can get, whether there were human rights violations, torture cases in the prison and status of cleanliness and also privately interviewed the prisoners who wish to meet with the inspection team freely and privately.

The inspection team inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of Mawlamyaing jail.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection in accordance with MNHRC law.

## The Myanmar National Human Rights Commission inspects Yamethin Prison and Kin Thar (1) (2) Production Camp

July 24

The inspection team, led by U Kyaw Myint, member of the Myanmar National Human Rights Commission, inspected Yamethin Prison on 23 July, 2024 in Yamethin Township Mandalay Region and Kin Thar (1), (2) Production Camp on 24 July, 2024 The Naypyidaw Union Territory in Tatkon Township, in accordance with Sections 43 and 44 of the Commission Law.

The inspection team inspected mentioned prison and production camp according to MNHRC law and procedures whether the prisoners and detainees enjoy fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water and court detention centre. The inspection team inquired the prisoners on whether they received their personal items and items sent by families were obtained and whether family visits were made and whether there were human rights violations and torture cases. The inspection team also privately interviewed the prisoners who wanted to meet with the team freely and privately.

The inspection team also inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of the Yamethin Prison and Kin Thar (1), (2) Production Camp.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection in accordance with MNHRC Law.

## Conducting Human Rights Awareness Raising Talk at Myanmar Language and Literature Improvement Project

July 25

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Commissioner Dr. Than Myint and Director U Zaw Lwin Htoo of the Commission office conducted a Human Rights awareness raising talk for the members of the Myanmar Language and Literature Improvement Project Office (Nay Pyi Taw) on 25 July 2024 from 14:00 to 16:00. Dr. Than Myint discussed about relatedness between Artificial Intelligence (AI) and human rights. He pointed out both positive impacts and challenges of AI development and also encouraged to take into consideration human rights standards while using AI and U Zaw Lwin Htoo emphasized the basic concept, the broad and deep interpretations, characteristics and the categories of human rights and things need to know about human rights. A total of 58 participants attended and the talk was concluded at 16:00.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း– ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း– ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm